
ဆရာနဲ့ဒကာ ဆက်သွယ်ကြတယ်ဆိုတာ သာသနာတော်အကျိုးများဖို့ပါပဲ။ တခြားမလိုအပ်တဲ့ မိတ်ဖွဲ့ခြင်း အောင်သွယ်ခြင်းတွေ မပါပါဘူး။



စကားပြောကြေးနန်း (၅၀၃၉၂)

**မဟာစည်-ဆရာတော်**

အရှင်သောဘန

အဂ္ဂမဟာပဏ္ဍိတ

"သာသနာ့ရိပ်သာ"

အမှတ်-၁၆၊ ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။

(PHONE - 50392)

**THE VEN'BLE MAHASI SAYADAW.**

*BHADANTA - SOBHANA.*

AGGAMAHAPANDITA,

*THATHANA YEIKTHA*

No. 16, HERMITAGE ROAD, RANGOON.

အမှတ်............ ၁၃၂......ခု၊ ............................ လ............ရက်။ Date. 3 - April 1967.

ဒကာ ဦးလှဖေ နှင့် ဒကာမ မတင်ရှိုင် သို့

၂၄၀၊ ဝက်စ်တ်၊ ၂၆၁-လမ်း

နျူးယောက်၊ ၇၁၊ အယ်န်-ဝိုင်၊

ယူ-အက်စ်-အေ၊

ဒကာ ဦးလှဖေ နှင့် ဒကာမ မတင်ရှိုင် သို့

၂၄၀၊ ဝက်စ်တ်၊ ၂၆၁-လမ်း

နျူးယောက်၊ ၇၁၊ အယ်န်-ဝိုင်၊

ယူ-အက်စ်-အေ၊

ဆရာတော် ပြန်ကြားသိစေလိုက်ပါသည် ဒကာ ဦးလှဖေ နှင့် ဒကာမ မတင်ရှိုင် တို့၊ ဒကာ ဒကာမတို့ ထံမှ ဆရာတော်သို့ မရွှေမမြင့်ဘူးသဲ ပို့ဒါန်းလိုက်ကြသည်မှာ ၃-ကြိမ် ရှိပြီ၊ ပဥ္စမကြိမ်က မတင်ရှိုင်၏ အစ်ကိုယ် ဦးတာ၀ီ ထံမှ တဆင့် ပို့လိုက်သည်၊ ထိုစဉ် အခါက ဆရာတော်ထံမှ တရားစာအုပ်အချို့ ပေးပို့စေလိုက်၏။

ဒုတိယအကြိမ်မှာ ဦး မောင်မောင် အမှတ် ၁/အခန်း ၅-လင်္ကလမ်း ရိပ်သာ ရွှေဂုန်တိုင်စာတိုက်၊ ရန်ကုန်မှ တဆင့် ပို့လိုက်သည်၊ ၄င်း ဒကာကြီး ကိုယ်တိုင်လာ ရောက်၍ ပို့သွားသည်၊ ထိုစဉ်အခါကတည်းက တာဝန်ရှိသည်အား လျော်စွာ ရကြောင်း ပြန်ကြားရန် စဉ်းစား ကြံစည်ခဲ့၏၊ သို့သော် အကြောင်း မညီညွတ်၍ မပြန်ကြား ဖြစ်ခဲ့ပေ။

ယခု တတိယအကြိမ်မှာ ဦး အုန်း ဒေါ်သန်းနွဲ့ ၁၃၁/ပြည်လမ်း ၊ ရန်ကုန်မှ တဆင့် ပို့လိုက်သည်၊ (၉၊၄၊၆၇) နေ့က သာသနာ့ရိပ်သာသို့ လာရောက်၍ ပို့သွားသည်၊ ထို၀ဩ ငွေ ၃၀၀ိ-ကို ဆရာတော်ထံ၌ အသုံးပြုနေသော အသံဖမ်း ရီကော်ဒါစက်များ ပြင်ရာ၌ အသုံးချရန် ကပ္ပိယဒကာအား လွှဲကြား ထားပါသည်။

ဆရာတော်မှာ နေ့စဉ် ဝိပဿနာအလုပ်ပေး တရားကို ဟောကြားရာ၌ အသံဖမ်းစက်များဖြင့် ပြန်လည်ဖွင့်၍ ဟောကြားနေပါသည်။ ထိုပြင် တရားအားထုတ်၍ ဉာဏ်စဉ် ပြည့်စုံလောက်သော ယောဂီတို့အား ဉာဏ်စဉ်တရားကိုလည်း ၎င်းအသံဖမ်းစက်များဖြင့် ဖွင့်၍ ဟောကြားပါသည်။ ၎င်းမှာ ၃-နာရီကျော်မျှ ကြာပါသည်။ အခြား တရားများကိုလည်း ဂိုဖန်ရိုဓါ ၎င်း အသံဖမ်းစက်များဖြင့်ပင် ဖွင့်၍ ဟောကြားရပါသည်။ အသံဖမ်းစက်၏ အကူအညီကြောင့် ဆရာတော်မှာ များစွာသက်သာခွင့်ရပါသည်။ ဒကာ ဒကာမတို့၏ အလှူငွေကို ထိုအသံဖမ်းစက်များ ပြင်ရာ၌ သုံးစွဲခြင်းဖြင့် မိမိတို့၏ ကုသိုလ်လည်း ထိုစက်များဖြင့် ဟောရာ၌ ပါဝင်သည်ဟု အာရုံပြု၍ ဝမ်းမြောက်ကြရန် ဖြစ်ပါသည်။

အထူး သတိပေးလိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရားနှင့် တရားတော် သံဃာတော်တို့ကို ဆည်းကပ်မှု မလျော့စေရန်နှင့် တတ်စွမ်းနိုင်သမျှ တရားနှလုံးသွင်း အားထုတ်ကြရန်ပင် ဖြစ်ပါသည်။

ကျန်းမာ ချမ်းသာကြပါစေ။

(အရှင်သောဘန)

မဟာစည်ဆရာတော်